# အရေးပေါ် စောင့်ရှောက်မှု

## ကလေးတစ်ယောက်ကို အရေးပေါ် စောင့်ရှောက်ပေးထားသည့်အခါ မိဘများအတွက် သိကောင်းစရာ အချက်အလက်များ

Department of Health and Human Services ၏ ကြားဖြတ် ကာကွယ်စောင့်ရှောက်သူဖြစ်သော ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဝန်ထမ်းက သင့်ကလေးသည် ကာကွယ် စောင့်ရှောက်မှု လိုအပ်သည်ဟု ယုံကြည်သည့်အတွက် သင့်ကလေးကို ၂၀၀၅ ခုနှစ် ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများဆိုင်ရာ အက်ဥပဒေ *(Children, Youth and Families Act 2005)* အပိုဒ် ၂၄၁ အရ အရေးပေါ် ကာကွယ်စောင့်ရှောက်မှုဖြင့် ထားပါသည်။ ပူးတွဲပါ လျှောက်ထားချက်သည် ဤဆုံးဖြတ်ချက်ချမှတ်ရသည့် အကြောင်းရင်းကို ဖေါ်ပြသည်။ ထို့ကြောင့် ကလေးသူငယ်များဆိုင်ရာ တရားရုံး၏ တရားသူကြီးက သင့်ကလေး၏ အခြေအနေကို စဉ်းစားဆုံးဖြတ်မည် ဖြစ်သည်။

သင့်အား အထောက်အကူဖြစ်စေရန် အောက်ဖေါ်ပြပါ အချက်အလက်များကို ပံ့ပိုးပေးထားပါသည်။

- ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်း ဝန်ထမ်းသည် ______________________________
- သူ၏ ရာထူးအဆင့်သည် ______________________________
- သူ၏ နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်သည်

---

- ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဝန်ထမ်းကို Department of Health and Human Services က အလုပ်ခန့်ထားပါသည်။
- အကယ်၍သင်သည် သင့်ကလေးအကြောင်းကို အခြားသူတစ်ဦးအား ပြောဆိုလိုပါက သင်သည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဝန်ထမ်းကို ဆက်သွယ် ပြောဆိုနိုင်သည်၊ သို့မဟုတ် အကယ်၍ ရုံးချိန်ပြင်ပဖြစ်ခဲ့လျှင် သင်သည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု အရေးပေါ်ဌာနသို့ 13 12 78 တွင် ဆက်သွယ်နိုင်ပါသည်။

တရားရုံး၏ ကနဦးကြားနာစစ်ဆေးခြင်း/ ကြားနာစစ်ဆေးခြင်းကို အာမခံပေးခွင့်ဆိုင်ရာ တရားသူကြီးရှေ့မှောက်တွင် အောက်ပါ နေ့ရက်၊ အချိန်၊ နေရာတွင် ပြုလုပ်ပါမည် -

ရက်စွဲ - ______________ အချိန် __________

နေရာ ______________________________________________

*(တရားရုံး၏အမည် သို့မဟုတ် အာမခံပေးခွင့်ဆိုင်ရာ တရားသူကြီးက ကြားနာစစ်ဆေးမည့်နေရာ)*

- သင် ပထမဆုံးအကြိမ် တရားရုံးသို့ လာရောက်သည့်အခါ Victoria Legal Aid ၏ တာဝန်ကျ ရှေ့နေ ဝန်ဆောင်မှုအရ ဥပဒေဆိုင်ရာ ကူညီပံ့ပိုးမှု ယူနိုင်ပါသည်။ တာဝန်ကျ ရှေ့နေက သင့်အား ဥပဒေကြောင်းဆိုင်ရာ ကိုယ်စားပြုပေးခြင်းနှင့်ဆိုင်သော သိကောင်းစရာ အချက်အလက်များကို ပေးပါလိမ့်မည်။ ပိုမိုသိလိုပါက သင် Victoria Legal Aid ကို (03) 9269 0234 တွင် ဆက်သွယ်ပြောဆိုနိုင်ပါသည်။

ထိုးမြဲလက်မှတ် - ______________________________

အမည် - ______________________________

**ကြားဖြတ် ကာကွယ်စောင့်ရှောက်သူ**

ရက်စွဲ - __________



Victoria State Government | Health and Human Services